# အနှစ်(၂၀)ပြည့် တော်လှန်ရေးနေ့ ထုတ်ပြန်ကျေညာချက်

ယနေ့မတ်လ ၂၀၊ ၂၀၁၈ သည် ချင်းအမျိုးသားများ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေး၊ ဖက်ဒရယ် ပြည်ထောင်စု တည်ထောင်ရေး၊ ဒီမိုကရေစီရရှိရေးအတွက် မျိုးချစ်ချင်းအမျိုးသားများ သွေးသစ္စာကျိန်ဆိုပြီး လက်နက်ကိုင်တော်လှန်ရေး စတင်ကာ တိုက်ပွဲဝင်လာခဲ့သည့် အနှစ်နှစ်ဆယ်ပြည့် တော်လှန်ရေးနေ့ ဖြစ်သည်။
ချင်းလူမျိုးများသည် လူမျိုးတမျိုးနှင့် နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်နိုင်သော ရေမြေနယ်နိမိတ်၊ လူဦးရေ၊ ယဉ်ကျေးမှု၊ ဘာသာ စကားနှင့် ခိုင်မာသော အမျိုးသားသမိုင်းများ ထင်ရှားစွာရှိခဲ့သည့်အပြင် ရှေးပဝေသဏီကတည်းက မည်သည့် တိုင်းတစ်ပါးသား၏ လက်အောက်ခံမှုမဖြစ်ခဲ့ပဲ နှစ်ပေါင်းများစွာ လွပ်လွပ်လပ်လပ် သီးခြားရပ်တည်လာခဲ့သော လူမျိုးဖြစ်သည်။ ၁၈၉၅ ခုနှစ်မှစ၍ နယ်ချဲ့ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သည့်နောက်ပိုင်း ချင်းအမျိုးသားတို့၏ မူလပိုင်ဆိုင်ခဲ့ပြီးသော အခွင့်အရေးများ ဆုံးရှုံးခဲ့ရ သည်။ ၁၉၄၈ ခုနှစ်တွင် အခြားတိုင်းရင်းသားများနှင့် နယ်ချဲ့ အင်္ဂလိပ်ထံမှ လွတ်လပ်ရေးရရှိ့ခဲ့ပြန်သော်လည်း ဂတိမတည်သစ္စာ မရှိသည့် ဗမာလူမျိုးကြီးဝါဒီတချို့၏ ဥပဒေလက် တလုံးခြားလှည့်ဖျားမှုကြောင့် နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး အခွင့်အရေးများ၊ ချင်းလူမျိုးတို့၏ မူလရပိုင်ခွင့်ဖြစ်သော ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ မွေးရာပါအခွင့်အရေးများ၊ ဒီမိုကရေစီအခွင့် အရေးများကို ထပ်မံလက်လွှတ် ဆုံးရှုံး ခဲ့ရပြန်သည်။

ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အမျိုးသားရေးအခွင့်အရေးများနှင့် မူလ ရပိုင်ခွင့်များ ပြန်လည်ရရှိပြီး၊ သာယာဝပြောသည့် အနာဂတ်ချင်းလဲန် တည်ထောင်နိုင်ရေး အလို့ငှါ ပြည်သူလူထုကို အခြေပြုကာ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ရွေးချယ်တိုက်ပွဲဝင်လာခဲ့ခြင်း ဖြစ်သည်။

နအဖစစ်အုပ်စုသည် ၎င်း၏ နိုင်ငံရေးလမ်းပြမြေပုံ (၇) ဆင့်အား အကောင်အထည်ဖော်ဆောင်ရာတွင် တိုင်းရင်းသား လက်နက် ကိုင်အင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့် နိုင်ငံတကာ၏ အကြံပြုတိုက်တွန်းချက်များကို ဥပေက္ခာပြုကာ ၁/၂၀၀၈၊ ၂/၂၀၀၈ နှင့် ၃/၂၀၀၈ အမိန့်ကျေညာချက်များကို ထုတ်ပြန်ခဲ့သည်။ ဤလုပ်ရပ်များသည် အမျိုးသားပြန်လည် ရင်ကြားစေ့ရေး၊ ပြည်တွင်း ငြိမ်းချမ်းမှုတည်ဆောက်ရေးတို့ကို အလေးမထားခြင်းဖြစ်သဖြင့် ချင်းအမျိုးသားတပ်ဦး အနေဖြင့် လုံးဝဆန့် ကျင်ကန့် ကွက်သည့်အပြင် နအဖအနေဖြင့် ယင်းကြေညာချက်များကို အတင်းအဓမ္မ ဆက်လက် အကောင် အထည်ဖော်ဆောင်နေပါက ပြည်ထောင်စု မြန်မာနိုင်ငံ၏ အနာဂါတ်သည် ယခုအခြေအနေထက် အဆ ပေါင်းများစွာ ပိုမိုဆိုးဝါး သွားမည်ဖြစ်ကြောင်း နအဖကို သတိပေးလို ပါသည်။

ယနေ့ ချင်းပြည်သူများသည် သဘာဝဘေးဒါဏ်ကြောင့် အစားအစာ ဝတ်မွတ်ခေါင်းပါးမှုဒါဏ်ကို ဆိုးဝါးစွာ ရင်ဆိုင်ကြုံတွေ့ နေ ချိန်တွင် စစ်အုပ်စုသည် ချင်းပြည်သူများထံ ကြီးစွာသော အခွန်အတုတ်များကို ကြီးလေးစွာ ဆက်လက်ကောက်ခံပြီး ချင်းပြည်သူ များကို ဆက်လက် သွေးစုပ်ချယ်လှယ်နေသည်။ နအဖ၏ သွေးစုပ်ချယ်လှယ်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု ကြောင့် ပြည်တွင်းရှိ ချင်းပြည်သူများသည် လူမှုဒုက္ခပေါင်းစုံနှင့် အလူးအလဲ ရင်ဆိုင်နေရသည်။ ချင်းပြည်သူလူထုအပေါ် နအဖစစ်အုပ်စု၏ အနိုင်ကျင့် မတရားချယ်လှယ်မှုများ၊ ယနေ့ ချင်းပြည်သူလူထု၏ ရင်ဆိုင်နေရသော လူမှုဒုက္ခများကို ဖြေရှင်းရန်အတွက် ပြည်ပရောက် ချင်းအမျိုးသားများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပိုင်းဝန်းပံ့ပိုးကြရန် တိုက်တွန်းနှိုးဆော်ရင်း ဤကျေညာချက်ကို ထုတ်ပြန်လိုက် ရသည်၊

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ ၂၀၀၈ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့